# နှစ်သိမ့်ခြင်းသခင်မ၏သီလရှင်ဂိုဏ်း (NSC)

## ကျွန်ုပ်တို့၏အသင်းဂိုဏ်း
## OUR CONGREGATION

ကျွန်ုပ်တို့၏အသင်းဂိုဏ်းကို ၁၈၅၇ ခုနှစ်စပိန်နိုင်ငံ (SPAIN) တွင်ရဟန္တာ မာရီးယာ ရိုးဇာမိုလာ(စ်) (Maria Rosa Molas) တည်ထောင်ခဲ့သည်။ သူမသည် ဘုရားသခင်အား အလွန်ချစ်မြတ်နိုးသည့်အပြင် နိမ့်ချခြင်းနှင့်လည်း ပြည့်စုံသူ ဖြစ်သည်။ သူမသည် ဝိညာဉ်ရေးရာနှင့် နှစ်သိမ့်အားပေးခြင်းကျင့်စဉ်ကို Tortosa (Cataluna) မြို့၌စတင်ခဲ့သည်။ ဆက်လက်၍သူမ၏လုပ်ငန်းစဉ်များသည် တိုက်ကြီးလေးတိုက်အတွင်းရှိ နိုင်ငံ (၂၁) ခုသို့ ပြန့်နှံ့ရောက်ရှိသွားခဲ့သည်။ အဆိုပါနိုင်ငံတို့မှာ စပိန်၊ အီတလီ၊ ပေါ်တူဂီ၊ ဆလိုဘတ်ကီးယား၊ ဗင်နီဇွဲလား၊ အာဂျင်တီးနား၊ ဘရာဇီး၊ ချီလီ၊ အီကွေဒေါ၊ မက်ဆီကို၊ ဘိုလ်လီးဗီးယား၊ ပီရူး၊ ဘာကီ နာဖာဆို၊တိုကို၊ မိုဇမ်ဘစ်၊ အိုင်ဗေရီကော (စ်)၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်သည်။

## နှစ်သိမ့်ခြင်း၏မယ်တော်





အသင်းဂိုဏ်းတည်ထောင်သူ
ရဟန္တာ မာရီးယာ ရိုးဇာမိုလာ(စ်)

**နှစ်သိမ့်ခြင်းသီလရှင်ဂိုဏ်းတည်ထောင်ခဲ့သူ**

- မာရီးယာ ရိုဇားမိုလာ(စ်) St. Maria Rosa Molas ၁၉၇၇၊ မေလ (၈)ရက်နေ့တွင်သူမအားသူတော်စင်အဖြစ်ကြေညာခဲ့သည်။
- ၁၉၈၈၊ဒီဇင်ဘာ(၁၁)ရက်နေ့တွင်သူမအားရဟန္တာသူတော်မြတ်အဖြစ်တင်မြှောက်ခြင်းခံခဲ့ရသည်။

## Logo

## ကျင့်စဥ်နှင့်ဝိညာဉ်ရေးရာ Charism & Spirituality

“ငါတို့သခင်ယေရှုးခရစ်တော်၏ခမည်းတော်၊သနားကရုဏာတော်နှင့်ပြည့်စုံတော်မူသောအဖ၊ နှစ်သိမ့်မှုအလုံးစုံကိုပေးတော်မူသောဘုရားသခင်အားမင်္ဂလာရှိစေသတည်း။ကိုယ်တော်သည်ငါတို့ဒုက္ခဆင်းရဲခံရချိန်တိုင်း၌ငါတို့ကိုအားပေးနှစ်သိမ့်တော်မူ၏ဤသို့ဖြင့်ငါတို့သည် ငါတို့ကိုယ်တိုင်ဘုရားသခင်ထံမှရရှိခဲ့ကြသောနှစ်သိမ့်မှုဖြင့်အတိဒုက္ခရောက်နေကြသောသူတို့အားနှစ်သိမ့်ပေးနိုင်မည်ဖြစ်၏။” (ဒုကော်ရိန္သု ၁း၃-၄)

“သင်တို့၏ဘုရားသခင်မိန့်တော်မူသည်ကား၊ငါ၏လူမျိုးတို့ကိုနှစ်သိမ့်စေကြလော့၊ နှစ်သိမ့်စေကြလော့။” (ဟေရှာယ ၄၀ း ၁)

**ဆောင်ပုဒ် (motto)**
ငါ၏လူမျိုးတို့ကိုနှစ်သိမ့်စေကြလော့၊ နှစ်သိမ့်စေကြလော့။” (ဟေရှာယ ၄၀ း ၁)

**ကျင့်စဉ် (charism)**
ဘုရားသခင်၏ကရုဏာတော်နှင့်နှစ်သိမ့်မှုကိုပေးနိုင်သောအသုံးတော်ခံများဖြစ်ရန်။

**နစ်သိမ့်ခြင်းဟူသည်မှာ......Consolation**

- လူသား၏အကျင့်သိက္ခာနှင့် ၎င်း၏မပြည့်စုံသောအတိုင်းအတာ ရှာဖွေမှုတစ်ရပ်၊
- ဒုက္ခဝေဒနာခံစားနေရသူများနှင့် မျှော်လင့်ခြင်းကင်းမဲ့နေသူများအတွက်အသံတစ်ခု၊
- အသက်အရွယ်မရွေး၊ လူမှုအခြေအနေမရွေး၊ ရောဂါ၊ဝေဒနာခံစားနေရသူများနှင့် ဆင်းရဲနွမ်းပါးသူများအတွက် နစ်သိမ့်မှုယူဆောင်လာရန်တို့ဖြစ်သည်။

သီလရှင်များသည်ပရောဖက်ဟေရှာယ၏

"ကမ္ဘာ □မြေကြီးအားနစ်သိမ့်စေကြလော့"ဟူသောဟောပြောချက်ကိုဦးထိပ်ထားလျက်သာနာတော်၏လယ်ကွင်း၌အတိဒုက္ခရောက်နေသောအမျိုးသားများနှင့်အမျိုးသမီးများအတွက်နစ်သိမ့်အားပေးခြင်းလုပ်ငန်းစဉ်များကိုအဓိကရည်မှန်းထားလျက်မိမိတို့၏ဘဝဖြင့်ဆက်ကပ်ပူဇော်နေခြင်းပင်ဖြစ်သည်။ခရစ်တော်၌ဘုရားသခင်အားဖြင့်နစ်သိမ့်မှုကိုခံစားရကာနယ်မြေဒေသအသီးသီး၌နေထိုင်ကြသောလူတို့အားအခွင့်အလမ်းမြင့်တင်ပေးသောပုံစံအဖြစ်ထိုနစ်သိမ့်မှုကိုပြန်လည်မျှဝေလျက်ရှိကြပါသည်။

## တမန်တော်လုပ်ငန်းများ (Apostolate)

## ပညာရေး (Education)

မူကြိုကျောင်း၊မူလတန်း၊အလယ်တန်း၊အထက်တန်းပညာရေးထောက်ပံ့မှုအစီစဉ်များနှင့် ခရစ်ယာန်ပညာရေးအစီစဉ်များ။

တရားမျှတ၍ခင်မင်ရင်းနှီးတတ်သောလူ့အဖွဲ့အစည်းတစ်ခုတည်ဆောက်ရာတွင်ပါဝင်သည့်အနေဖြင့်ကျွန်မတို့သည်ပညာရေးဆိုင်ရာလုပ်ရှားမှုများ၊လူသားဖွံ့ဖြိုးမှုနှင့်ဘက်စုံဖွံ့ဖြိုးမှုလုပ်ငန်းများကိုသတင်းကောင်းမျှဝေသက်သေခံခြင်းအသွင်ဖြင့်ဆက်ကပ်လုပ်ဆောင်ကြသည်။

ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်း (Health Care)

ဆေးရုံဆေးခန်းများ၊ဘိုးဘွားရိပ်သာ၊မသန်စွမ်းသူများဂေဟာ၊အိမ်တွင်းမှုလုပ်ငန်းများကြည့်ရှုစောင့်ရှောက်ပေးခြင်း။
ဆင်းရဲနွမ်းပါးသူများနှင့်နာမကျန်းသူများ၏မျက်နှာများ၌ခရစ်တော်၏
မျက်နှာကိုရှုမြင်နိုင်ရန်လိုအပ်သည်။

## လူမှုရေးလုပ်ငန်း (Social Works)

တက္ကသိုလ်ကျောင်းသားကျောင်းသူများအတွက်အဆောင်များ၊ပြိုကွဲနေသောမိသားစုများနား
ခိုရာဌာန၊စွန့်ပစ်ခံကလေးသူငယ်များနှင့်ရွှေ့ပြောင်းနေထိုင်သူများအတွက်လုပ်ငန်းအစီအစဉ်၊
မူးရစ်ဆေးဝါးသုံးစွဲသူများအတွက်ပြန်လည်ထူထောင်ရေးလုပ်းငန်း အစီအစဉ်။

## ဝိညာဉ်ရေးလုပ်ငန်းများ (Pastoral)

ကမ္ဘဌာန်း(တရားစခန်းရိပ်သာ)၊တက္ကသိုလ်ကျောင်းဝင်လုပ်ငန်းများဌာန၊ဝိညာဉ်ရေးလမ်းညွှန်
မှုနှင့်ဆွေးနွေးလမ်းညွှန်မှု။

## နယ်ခြားသာသနာပြုခြင်း (Mission abroad)

တိုင်းတစ်ပါးခြားတို့၌သာသနာပြုခြင်း။

အလိုအပ်ဆုံးသောသူများအားခရစ်တော်၏နာမတော်၌သွားရောက်ကြေငြာရင်း
အစေခံခြင်းအားဖြင့် မိမိတို့သည် (သီလရှင်တို့သည်) ခရစ်တော်အားသိခြင်းနှင့်ချစ်ခြင်းမှ
ရရှိခံစားရသော ဝမ်းမြောက်ခြင်းများကို ဝေငှကြသည်။


အမှတ် ၇၆၃၊ မာဃလုလင်လမ်း၊ ၁၀မိုင်
စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉၄၀၀၄၄၃၆၆၂၊ ၀၉၄၅၅၈၁၂၃၄၃

Email consolaciomyanmar@gmai.com
www.consolacion.org
Facebook consolacionmyanmar@gmai.com